# ၁၉၅၈ ခုနှစ်၊ မြန်မာနိုင်ငံတော်ဆေးဘက်ဆိုင်ရာ (ပြင်ဆင်ချက်) အက်ဥပဒေ။*

[၁၉၅၈ ခုနှစ်၊ အက်ဥပဒေအမှတ် ၅။]
(၁၉၅၈ ခုနှစ်၊ မတ်လ ၈ ရက်။)

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ ဤအက်ဥပဒေကို၊ ၁၉၅၈ ခုနှစ်၊ မြန်မာနိုင်ငံတော်ဆေးဘက်ဆိုင်ရာ (ပြင်ဆင်ချက်) အက်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ။ နောက်တွင် အဆိုပါ အက်ဥပဒေဟု ရည်ညွှန်းသည့်၊ ၁၉၅၇ ခုနှစ်၊ မြန်မာနိုင်ငံတော်ဆေးဘက်ဆိုင်ရာ အက်ဥပဒေ ပုဒ်မ ၂၅၊ ပုဒ်မခွဲ (၁) ၏ အပိုဒ် (၁) ကို၊ အပိုဒ် (ခ) အဖြစ် ပြန်လည်အက္ခရာစဉ်ရမည်။ **

၃။ ။ အဆိုပါ အက်ဥပဒေ ပုဒ်မ ၂၇၊ ပုဒ်မခွဲ (၂) တွင်၊ "သို့တည်းမဟုတ် ပုဒ်မခွဲ (၄)" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။ ***

---

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဦးဝင်းမောင်၊
နိုင်ငံတော်သမ္မတ၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၁၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက်။
(၁၉၅၈ ခုနှစ်၊ မတ်လ ၈ ရက်။)

အမိန့်အရ
ပါခိန်၊
နိုင်ငံတော်သမ္မတ၏အတွင်းဝန်။

---

* မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း-၁၊ ၁၉၅၈ ခုနှစ်၊ မတ်လ (၂၂) ရက်၊ စာမျက်နှာ - ၆၅၈။

** ၁၉၅၇ ခုနှစ်၊ မြန်မာနိုင်ငံတော်ဆေးဘက်ဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (အမှတ် ၃/၈၉) ဖြင့် ပုဒ်မ ၂၅၏ ခြွင်းချက်ကို အစားထိုးသည်။

*** ၁၉၆၂ ခုနှစ်၊ မြန်မာနိုင်ငံတော်ဆေးဘက်ဆိုင်ရာ အက်ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ (အမှတ် ၈/၆၂) ဖြင့် ပုဒ်မ ၂၇ တွင် စကားရပ်နှင့် ပြစ်ဒဏ်ကို အစားထိုးသည်။